ချောင်းမကြီးအနောက်ကျေးရွာ

ဆိပ်ဖြူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ချောင်းမကြီးအနောက်ကျေးရွာ၊ ဆိပ်ဖြူမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဇူလိုင် လ

မာတိကာ

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်
ဆိပ်ဖြူမြို့နယ် ချောင်းမကြီးအနောက်ကျေးရွာ သယံဇာတပြန်လည်ပြုပြင်ရေးစီမံကိန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
၁။ တည်နေရာနှင့် ပထဝီအနေအထား
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ
၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ
(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ
(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ
(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု
(င) ပညာရေး
(စ) ကျန်းမာရေး
(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
(ဇ) ကျား/မ ရေးရာ
၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်နှစ်အလိုက် စီမံချက်လုပ်ငန်းများ
၅။ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယား
ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား(၅) ဓာတ်သတ္တုနှင့် သဘာဝအရင်းအမြစ်များ
ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ
ဇယား(၇) ဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ
ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရသည့်သူများ
ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ
ဇယား(၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား(၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား(၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား(၂၂) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား(၂၃) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ
ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း
ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား(၂၇) ကုန်စည်နှင့်ဝန်ဆောင်မှု ဈေးကွက်လက်လှမ်းမှီမှုအခြေအနေ
ဇယား(၂၈) ငွေကြေးလက်လှမ်းမှီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့
အကျင့်နှင့်အခက်အခဲများ
ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား(၃၄) အဖြစ်များသောရောဂါများ
ဇယား(၃၅) လွန်ခဲ့သောကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈) အိမ်သာအမျိုးအစား
ဇယား(၃၉) ကျား၊မ ရေးရာ
ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၄၄) လျှပ်စစ်မီးရရှိမှုအခြေနေ
ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေနေ
ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမှီမှု
ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ
၆။ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်များ (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်

ချောင်းမကြီးအနောက်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့ အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်အကူအညီ ဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကို သိတိုပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အခြေခံအချက်များ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန် ကျွန်ုပ်တို့အနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြ ထားပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ သတင်းနှင့် ပြည်သူဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုကိုသိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ ပုဂ္ဂလိကအဖွဲ့အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထုလိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းများအနေဖြင့် ကျေးလက်ဒေသ ရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင် မည်ဖြစ်ပါသည်။


နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာချေးငွေအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တက်နိုင်သောငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီ များကို အခြေ ခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းကဲ့သို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။


သယ်ဇာတမြေပုံ
ဆိပ်ကြီးဖြူမြို့နယ်ခေါင်းဆောင်မကြီးကျေးရွာ(၄)
မြောက်
အနောက်
အရှေ့
တောင်
ကုန်းတွင်းရေကြောင်း
ကုန်းတွင်းရေကြောင်း
ကုန်းတွင်းရေကြောင်း

၁။ တည်နေရာနှင့် ပထဝီအနေအထား

ချောင်းမကြီး(အနောက်)ကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ ချောင်းမကြီးကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ ဆိပ်ဖြူမြို့၏ အနောက်မြောက်ဘက်(၅)မိုင် အကွာတွင် တည်ရှိ၍ ကျေးရွာ၏ အရှေ့ဘက်တွင် စေတီ၊ဘုရားများတည်ထားသော ဘုရားကုန်းတန်းနှင့် အနောက်ဘက်တွင် ယာသီးနှံများစိုက်ပျိုးသောယာမြေများ တည်ရှိပါသည်။ မြောက်ဘက်တွင် ဟင်းသီးဟင်းရွက်စိုက်ခင်းများနှင့် ယောချောင်းတည်ရှိပြီး တောင်ဘက်တွင် လယ်ယာသီးနှံစိုက်ပျိုးသော ယာမြေများဖြင့် ဝန်းရံတည်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်သောကြောင့် နှစ်စဉ်မိုးရေချိန်လက်မ (၂၀)ခန့် သာရရှိပါသည်။ သဘာဝပေါက်ပင်အဖြစ် ဒဟတ်၊ မန်ကျည်း၊ ဇီးပင်၊ ရှားပင်၊ သစ်ညိုပင်၊ သန်းပင်နှင့် ထနောင်းပင်များ ပေါက်ရောက်သည်ကိုတွေ့ရှိရပါသည်။ မိုးရွာသွန်းမှုနည်းသောကြောင့် ယာမြေများတွင် အဝီစိရေတွင်းများတူးကာ ဟင်းသီးဟင်းရွက်၊ ကြက်သွန်၊ ကွမ်းပင်များ စိုက်ပျိုးလုပ်ကိုင်ကြသည်။ ယောချောင်းသဲသောင်၌ ဇန်နဝါရီလတွင် ကြက်သွန်၊ပဲအမျိုးမျိုး စိုက်ပျိုးကြပါသည်။ သဘာဝမြေဩဇာအဖြစ် နွားချေး၊ ဆိတ်ချေးတို့ကို အသုံးပြု၍ ကြက်သွန်ကို အဓိကထားစိုက်ပျိုးပါသည်။ တစ်ဧကထွက်နှုန်းမှာ ရာသီဖောက်ပြန်ပါက (၂၀၀၀-၃၀၀၀)ပိသာထွက်ရှိပြီး ရာသီမှန်ပါက (၄၀၀၀-၅၀၀၀)ပိသာတို့ ထွက်ရှိပါသည်။ အဓိကစိုက်ပျိုးသော ကြက်သွန်စျေးမကောင်းထွက်နှုန်းနည်းသောနှစ်များတွင် တောင်သူများ စီးပွားရေးအဆင်မပြေတွေ့ရှိရသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်သက်ဆိုင်သော သာရေး၊နာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းလုပ်ဆောင်ကြပါသည်။ ကျေးရွာတွင် ပရဟိတလူငယ်အဖွဲ့များ၊ လူမှုကူညီရေးအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ အရံမီးသတ်တပ်ဖွဲ့၊ ငွေစုငွေချေးအဖွဲ့၊ ကျေးရွာမီးလင်းရေးအဖွဲ့များ ဖွဲ့စည်းတည်ရှိသည်ကို တွေ့ရှိရပါသည်။ ပဋ္ဌာန်းပွဲ၊ မီးထွန်းပွဲ၊ ဝတ်အသင်း စသည်တို့တွင်လည်း ညီညွတ်စွာစုပေါင်းပြုလုပ်ကြပါသည်။ ကျေးရွာမီးလင်းရေးအဖွဲ့အနေဖြင့်လည်း ကျေးရွာမီးလင်းရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ရာ (၂၀၁၈ခုနှစ်၊ဧပြီမှ) စတင်ပြီး အိမ်များမီးလင်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရပ်မိရပ်ဖ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ဝိုင်းဝန်းဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဟူ၍ သီးသန့်မရှိသေးပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးမှာ ကြက်သွန်၊ ဟင်းသီးဟင်းရွက်၊ ကွမ်းတို့ဖြစ်သည်။ ကြက်သွန်ကို ယောချောင်းမြေနှင့် တကွ ယာမြေများတွင်လည်း စိုက်ပျိုးကြပါသည်။ ယာမြေများ၌ မိုးသီးနှံအဖြစ် ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပြောင်းတို့ကို စိုက်ပျိုးကြသည်။ လျှပ်စစ်မီးရပြီဖြစ်သော်လည်း လျှပ်စစ်မီးဖြင့် ဝင်ငွေရသော လုပ်ငန်းများ လုပ်နိုင်မှုနည်းပါးပါသည်။ ထို့ကြောင့် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမှအပ စက်မှုလုပ်ငန်း၊ အီလက်ထရောနစ်လုပ်ငန်းများ လုပ်ကိုင်မှု အားနည်းနေပါသည်ကို တွေ့ရှိရပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် စားဝတ်နေရေးအတွက် ရွာမြောက်ဘက် ယောချောင်းမြေနှင့် အနောက်ဘက်၊တောင်ဘက်ရှိယာမြေများကို အားထားလုပ်ကိုင်နေကြသည်။ သောက်သုံးရေအတွက် ယူနီဆက်မှတူးပေးသာ ရေတွင်း၊ အစိုးရဌာနမှတူးပေးသော ရေတွင်းများရှိသည်။ ထို့ပြင် အိမ်များ၌လည်း မိမိတို့ ငွေကြေးဖြင့် ရေတွင်းများတူးကာ သောက်သုံးရေရရှိရေး ဆောင်ရွက်သည်မှာပြည့်စုံမှုရှိပါသည်။ ပညာရေးကဏ္ဍတွင် အထက်တန်းကျောင်းခွဲ၌ ပညာသင်ကြားရကြသည်။ကျောင်းတွင် ကျောင်းဆောင်၊ ပရိဘောဂ၊ သင်ထောက်ကူပစ္စည်းတို့ မစုံလင်သေးပေ။ ကျေးရွာမှပြည့်စုံအောင် မဆောင်ရွက်နိုင်သေးသဖြင့် အစိုးရနှင့် စေတနာရှင်များမှ လှူဒါန်းထောက်ပံ့မှုရယူလိုပါသည်။ ကျန်းမာရေးကဏ္ဍတွင် ကျေးရွာ၌ ကျေးလက်ကျန်းမာရေး(ခွဲ) တည်ရှိပြီး သားဖွားဆရာမ(၂)ယောက်နေထိုင်၍ ကာကွယ်ဆေးထိုးခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ပေးခြင်း၊ ပေါင်ချိန်ခြင်းများ ပြုလုပ်ပေးပါသည်။ ၎င်းအပြင် ဟယ်လင်ကဲလားအဖွဲ့မှလည်း အာဟာရဖြည့်ဆည်းခြင်း၊ ပေါင်ချိန်ခြင်း၊ သီးပင်စားပင်များဖြစ်သော ပေါက်ပန်းဖြူပင်၊ ရုံးပတီ၊ သဘော်ပင်များ ပေး၍ စိုက်ပျိုးရေးအတွက် ပညာပေးခြင်းများပြုလုပ်သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးစရိတ်ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိမိတို့ဧကအလိုက် ထုတ်ချေးပါသည်။ ၎င်းအပြင် စိုက်၊ထွေ၊သမဝါယမအသင်းနှင့် အသေးစားချေးငွေလုပ်ငန်းများမှ လိုအပ်သလို ထုတ်ယူချေးငှားကြပါသည်။ တောင်သူလယ်သမားများအတွက်သာမက အခြားပုဂ္ဂိုလ်များအတွက်ပါ တန်ဆောင်မှုပေးသော အသေးစားစီးပွားရေးလုပ်ငန်းမှ ထူထောင်နိုင်ရန် ချေးငွေဝန်ဆောင်မှုများလည်း လိုအပ်နေပါသေးသည်။

(င) ပညာရေး

ကျေးရွာရှိ ရွာသူ/သားများသည် ပညာရေးဘက်တွင် အသင့်အတင့်သာရှိပြီး အများအားဖြင့် ရေးတတ်၊ဖတ်တတ်သူပုဂ္ဂိုလ်များ ဖြစ်သည်။ တက္ကသိုလ်ပညာရပ်များနှင့် ဘွဲ့ရ၊ဝန်ထမ်းစသည်တို့မှာ နည်းပါးကြောင်းတွေ့ရှိပါသည်။ အထက်တန်းကျောင်းခွဲရှိသော်လည်း ကျောင်းသားများအတွက် သင်ထောက်ကူပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများ မပြည့်စုံသေးပေ၊ ကျောင်းအတွက် ဝန်ထမ်းအင်အား လိုအပ်နေဆဲဖြစ်သောကြောင့် ကျေးရွာမှ ငှားရမ်း၍သင်ပေးရပါသည်။ ထို့ကြောင့် ဆရာ/မအတွက် ငွေကြေးကုန်ကျမှုရှိသည်။ အသက်မွေးဝမ်းကြောင်းပညာမှာလည်း ကျေးရွာတွင် လိုအပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

(စ) ကျန်းမာရေး

ကျေးရွာရှိ ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစပ်ရောဂါများ မရှိသည်ကိုတွေ့ရသည်။ မိုးရာသီတွင် ကလေးငယ်များ ဖြစ်လေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါ အနည်းငယ်ဖြစ်သည်ကို တွေ့ရသည်။ နွားများတွင် မိုးဦးကျ၍ ထောင့်သန်း၊ လေးဘက်နာ၊ ခွာနာလျှာနာများ ဖြစ်တတ်သည်။ ဆိတ်တို့တွင်လည်း တုံတေးရောဂါများဖြစ်သည်ကို တွေ့ရှိရပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှ စိုက်ပျိုးရေးပြုလုပ်သော မြေအများစုမှာ နှစ်စဉ်ကြွက်သွန်၊ ပဲတီစိမ်း၊ နှမ်း၊ ပြောင်းများ စိုက်ပျိုးကြသည်။ ကြက်သွန်စိုက်ပျိုးရာတွင် ပေါင်းပင်နှိမ်နင်းရန်အတွက် အရိုင်းပေါင်း သတ်ဆေးများ အလွန်အကျွံသုံးစွဲလာရသောကြောင့် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ၎င်းသုံးစွဲမှုများ၏ ဆိုးကျိုး၊ကောင်းပြစ်များကို သိရှိစေရန် သင်တန်းနှင့် အမြင်ဖလှယ်ဆွေးနွေးမှုများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

(ဇ) ကျား/မ ရေးရာ

ကျား/မရေးရာတွင် ခေတ်စနစ်တိုးတတ်လာသည်ဟုဆိုသော်လည်း ယောကျ်ားနှင့်မိန်းမမှာ တန်းတူမဖြစ်နိုင်သေးပေ၊ ဝတ်တတ် ဝတ်ကပ်၊ ဘာသာရေးနှင့် ရိုးရာပွဲများ၊ မီးထွန်းပွဲများတွင် အမျိုးသားနှင့် အမျိုးသမီးများစုပေါင်း၍ ဝိုင်းဝန်းဆောင်ရွက်ကြရသည်။ အုပ်ချုပ်ရေးစနစ်တွင် အမျိုးသမီးများသည် ဆယ်အိမ်မှူးအဆင့်နေရာ၌ပင် ပါဝင်မှုနည်းပြီး အမျိုးသားများက ဦးဆောင်နေသည်ကို တွေ့ရှိရပါသည်။ ဥပဒေရေးရာတို့တွင် အမျိုးသားနှင့်အမျိုးသမီးများတန်းတူရရှိမှု မဖြစ်သော်လည်း ကျောင်းများတွင် ကျောင်းသား/သူများမှာ တန်းတူအခွင့်အရေးရရှိသည်ကို တွေ့ရှိရပါသည်။

ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဆိပ်ဖြူမြို့နယ်၊ ချောင်းမကြီးကျေးရွာအုပ်စု၊ ချောင်းမကြီးအနောက်ကျေးရွာ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) စီမံချက်များ

ဦးစားပေးအဆင့်	စီမံချက်အမည်	ရမှတ်ပေါင်း	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁	ကျေးရွာတွင်းကွန်ကရစ် လမ်းခင်းခြင်း	၁၀၀	✔				
၂	ကျေးရွာတွင်း လမ်း ပြုပြင်ရန်နှင့် ရေကျော်၊ မြေသားထိန်းပြုလုပ် နိုင်ရန်	၉၅		✔			
၃	အထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ရန်	၉၀			✔		
၄	ကျေးရွာကုန်ထုတ်လမ်း ခင်းရန်။	၈၅				✔	
၅	အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရန်	၈၀					✔
၆	ရေစင်တည်ဆောက်၍ အိမ်တိုင်ရာရောက် ရေရရှိနိုင်ရန်	၇၅					✔
၇	ရွာနှင့်နီးစပ်သော စိုက်ပျိုးမြေများအတွက် လျှပ်စစ်မီးရရှိရန်	၇၀					✔
၈	စိုက်ပျိုးရေးအထောက်အကူပြုချေးငွေများ ချထား ပေးရန်	၆၅					✔

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၉	၁၉	၃၈		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၆	၁၉	၅၅		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၆၁	၅၉	၁၂၀		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၆၃	၆၄	၁၂၇		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၅၈၉	၅၆၂	၁၁၅၁		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၄၁	၁၀၇	၁၄၈		
စုစုပေါင်း		၈၀၉	၈၃၀	၁၆၃၉		
စုစုပေါင်း အိမ်ထောင်စု		၃၂၅				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက် ဆိုသည် မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူဦးရေ မွေးဖွားနှုန်းမှာ ကျားဦးရေနည်းပါးပြီး မဦးရေက ပို၍ များပြားသည်ကို တွေ့ရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၆၃						မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း	၆						မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း	၇						မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း	၁၅						မြင့် ☐ လတ် ☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်	၁						မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂						မြင့် ☐ လတ်☐ နိမ့် ✓
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃						မြင့် ☐ လတ်☐ နိမ့် ✓
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
၂၀	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၅၅						
	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
၂၁	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၃၅၂						☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းကို လုပ်ကိုင်သူနည်းပါးခြင်း၊ ကိုယ်ပိုင်လုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးကိုသာ တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၂၅၀၀	၅၅၀၀	၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၆၀၀၀	၂၅၀၀	၅၅၀၀	၂၀၀၀
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ် ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	နေ့စား	၉၀၀၀	၃၀၀၀	၇၀၀၀	၂၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင် ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၆၀၀၀	၂၅၀၀	၅၅၀၀	၂၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက် (၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လုပ်အားခနှုန်းထားများမှာ အမျိုးသား(၁)ဦးလျှင် (၆၀၀၀)ကျပ်နှင့် အမျိုးသမီး (၁)ဦးလျှင် (၂၅၀၀)ကျပ်သာရရှိပါသည်။ ကျေးရွာတွင် အလုပ်အကိုင်ရှားပါးသောကြောင့် နေ့စဉ် ပုံမှန်ဝင်ငွေမရရှိသည်ကို တွေ့ရပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇၃၈	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	၁၀	ကောင်း ☐	သင့်✓	ညံ့ ☐
စုစုပေါင်း	၇၄၈	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော် ကသီးသန့် လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ ယာမြေများသည် မြေဆီလွှာသင့်တင့်ရုံသာရှိပြီး မိုးကောင်းချောင်းရေသောက် ဖြစ်သည်။ မိုးရရှိမှုနည်းသောကြောင့် သီးနှံဖြစ်ထွန်းမှု နည်းပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။)	များး ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များး ✓ သင့်☐ နည်း ☐ မရှိ ☐	လွယ်✓ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များး ☐ သင့်☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐	လျော့ ✓တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များး ☐ သင့်☐ နည်း ✓ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များး ✓ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များး ✓ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓
သစ်တော – အပူပိုင်းသစ်တော	များး ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များး ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာပတ်ဝန်းကျင်တွင် ယောချောင်းရှိပြီး ချောင်းထဲမှ သဲများကို လွယ်ကူစွာရရှိနိုင်ပြီး ကျောက်စရစ်များရရှိနိုင်သော်လည်း လွယ်ကူစွာမရရှိပါ။ ကျေးရွာတွင် ကျန်မျိုးစိတ်များသည် မရှိသလောက် ရှားပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များး	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များး	အသင့်အတင့်	နည်း	မရှိ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၂၄	၈၈	၁၀၃	၁၁၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအခြေအနေမှာတစ်ဦးနှင့်တစ်ဦး လွန်စွာ ကွာခြားမှုမရှိပါ။ တချို့မှာ မြေယာပိုင်ဆိုင်မှုများစွာရှိသော်လည်း ရာသီဥတုဖောက်ပြန်မှုကြောင့် မြေယာများကို အကုန်အသုံးမချနိုင်ပေ။ မြေယာပိုင်ဆိုင်မှု နည်းသော်လည်း စိုက်ပျိုးရေရရှိသူများသည် သင့်တင့်စွာနေထိုင်နိုင်သည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ ကြက်သွန်ဖြစ်ပြီး ဈေးမကောင်းသောနှစ်များကြုံတွေ့ရသောကြောင့် မပြေလည်သော အိမ်ထောင်စု များပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်း စာဖူလုံမှု	၁၄၄		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၀၀ လုပ်အားခကြိုယူ = ၄၄
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၅၀		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၃၀ လုပ်အားခကြိုယူ = ၂၀
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၃၀		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ၃၀ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဝမ်းစာမဖူလုံသူများသည် မိဘဆွေမျိုးများထံမှ အထောက်အပံ့ယူခြင်း၊ ချေးငှားခြင်း၊ လုပ်အားခ ကြိုယူခြင်း နည်းများဖြင့် ဖြေရှင်းကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၃	၂	၅
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်		၁	၁
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၃၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၂၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၁၀		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုများအား ကျေးရွာမှ ကူညီစောင့်ရှောက် ရိုင်းပင်ကြပါသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	
၁	မြစ်ရေကြီးမှု	✓			
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			
၃	မုန်တိုင်းဒီရေ	✓			
၄	ဆူနာမီ				
၅	တိုင်ဖုန်းမုန်တိုင်း				
၆	လေဆင်နှာမောင်း				
၇	ငလျင်				
၈	အပူလှိုင်း		✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု				
၁၀	အအေးလှိုင်း		✓		
၁၁	မိုးသီးကြွေကျမှု				
၁၂	မိုးခေါင်ခြင်း			✓	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)
၁၃	တောမီးလောင်ခြင်း				
၁၄	မြစ်ကမ်းပါးပြိုခြင်း				
၁၅	ကမ်းရိုးတန်းတိုက်စားမှု				
၁၆	မြေပြိုခြင်း				
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း				
၂၀	သစ်တောပြုန်းတီးခြင်း		✓		
၂၁	ငှက်ဖျားရောဂါ	✓			
၂၂	တီဘီရောဂါ	✓			
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ				
၂၄	ကပ်ရောဂါ				
၂၅	ပြည်တွင်းပဋိပက္ခ				
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓			
၂၇	လူကုန်ကူးခြင်း				
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်	✓			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်

အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ယောချောင်းမှ ရေကြီးရေလျှံမှု တစ်ခါတစ်ရံရှိပါသည်။ တိရိစ္ဆာန်ကူးစက်ရောဂါများမှာ မိုးဦးကာလတွင် ထောင့်တန်း၊ လေးဘက်နာ၊ ခွာနာလျာနာများ ဖြစ်တတ်ပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု			✓	✓		
၃	ဆင်းရဲသားတောင်သူ			✓	✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ			✓	✓		
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည်မည်သို့သော အခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများသည် ထိခိုက်မှုခံရနိုင်သည့် သူများဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ရာသီဥတုမမှန်သည့် အချိန်များတွင် ချေးယူထားသောစိုက်ပျိုးစရိတ်များ ပြန်လည်မပေးနိုင်ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းတို့ရှိကြပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	၁✓ ၂ □ ၃□	၁၂		၁၂	ပညာရေး✓ ငွေကြေး✓ ကျန်းမာရေး✓ ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး✓	ကောင်း□ သင့် ✓ ညံ့□
၂	ဂေါပက အဖွဲ့	၁ □ ၂ □ ၃✓	၁၀		၁၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့် ✓ ညံ့□
၃	လူငယ်အဖွဲ့	၁□၂✓၃□	၃၀		၃၀	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့် ✓ ညံ့□
၄	ကျောင်းကော်မတီအဖွဲ့	၁□၂✓၃□	၆	၆	၁၂	ပညာရေး✓ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့် ✓ ညံ့□
၅	လူမှုကူညီရေးအဖွဲ့	၁□၂✓၃□	၁၁		၁၁	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့် ✓ ညံ့□
၆	ကြက်ခြေနီအဖွဲ့	၁□၂✓၃□	၁၂		၁၂	ပညာရေး□ ငွေကြေး□ ကျန်းမာရေး✓ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး✓	ကောင်း□ သင့် ✓ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ရွာတွင်းအဖွဲ့အစည်းများရှိပြီး သာရေး၊ နာရေး၊ လူမှုရေးကဏ္ဍများတွင် စုပေါင်းလုပ်ဆောင်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	အီးကလော့အဖွဲ့	၁□၂✓၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး✓ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	ဗွီးရှင်းဗန်းအဖွဲ့	၁□၂✓၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး✓ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	ဟဲလင်ကဲလား	၁□၂✓၃□၄□၅□၆□၇□	ပညာရေး□ ငွေကြေး □ ကျန်းမာရေး✓ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်)

တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများရှိပြီး Eclof, Vision Ben အဖွဲ့များသည် တောင်သူများအတွက် စိုက်ပျိုးစရိတ်များထုတ်ချေးပေးပါသည်။ ဟဲလင်ကဲလားအဖွဲ့သည် မိခင်နှင့်ကလေးများ

အတွက် ကျန်းမာရေး စောင့်ရှောက်ခြင်းများ ပြုလုပ်ပေးပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၁၀		မြေမဲ့ယာမဲ့
၂	၂.၅ကအောက်	၁၀၃		ဆင်းရဲသားတောင်သူ
၃	၂.၅ကမှ၅ကကြား	၅၅		တောင်သူငယ်
၄	၅ကမှ၁၂.၅ကကြား	၅၃		တောင်သူလတ်
၅	၁၂.၅ကအထက်	၄		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၂၆		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု အသင့်အတင့်ရှိကြပါသည်။ တောင်သူအများစုဖြစ်သောကြောင့် ရာသီဥတုဖောက်ပြန်ခြင်းကြောင့် စီးပွားရေးတွင် နိမ့်ကျပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐မရှိ ☐ မဖြေဆိုပါ☐	လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐
၅	အဝိစိတွင်း		တစ်နှစ်ပတ်လုံး ✓ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ✓မရှိ☐ မဖြေဆိုပါ☐	လျော့☐ တိုး ☐ အပြောင်းအလဲမရှိ✓

စဉ်	အရင်းအမြစ်	ရေသောက် (၎က)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ် ခုကိုသာရွေးရန်)
၆	လက်ငင်း ရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ □ မဖြေဆိုပါ□	လျော့□ တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်✓ မဖြေဆိုပါ□	ရှိ✓မရှိ□ မဖြေဆိုပါ□	လျော့□ တိုး □ အပြောင်းအလဲမရှိ✓
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်✓ မဖြေဆိုပါ□	ရှိ✓မရှိ□ မဖြေဆိုပါ□	လျော့□ တိုး □ အပြောင်းအလဲမရှိ✓

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးတောင်သူများမှာ အဝီစိတွင်းရေကိုသာ အဓိကထား အသုံးပြု ကြရပါသည်။ ငွေကြေးမတတ်နိုင်သောကြောင့် တောင်သူများမှာ စိုက်ပျိုးရေအတွက် လိုအပ်လျက်ရှိပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီး နှံ	စုစု ပေါင်း စိုက် ၎က	တစ်၎ကအထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကိုသာရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်)	ထိခိုက်လွယ် မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်)
		ယူ နစ်	အနည်း ဆုံး	အများ ဆုံး	ပျှမ်း မျှ	မှ	ထိ			
ကြက် သွန်	၅၀	ဗဿာ	၃၀၀၀	၆၀၀၀	၄၅၀၀	၁	၄	မြင့်✓လတ်□ နိမ့်□	မြင့်□လတ်✓ နိမ့်□	မြင့်□လတ်✓ နိမ့်□
ပဲတီ စိမ်း	၃၀	တင်း	၂	၄	၃	၅	၁၂	မြင့်□လတ်✓ နိမ့်□	မြင့်□လတ်✓ နိမ့်□	မြင့်□လတ်✓ နိမ့်□
ပြောင်း	၂၅	ဗဿာ	၃	၇	၅	၇	၁၀	မြင့်□လတ်✓ နိမ့်□	မြင့်□လတ်✓ နိမ့်□	မြင့်□လတ်✓ နိမ့်□
မြေပဲ	၁၅	တင်း	၅	၂၀	၁၃	၇	၁၀	မြင့်✓လတ်□ နိမ့်□	မြင့်□လတ်✓ နိမ့်□	မြင့်□လတ်✓ နိမ့်□
ခရမ်း	၂၀	ဗဿာ	၁၅၀၀	၃၀၀၀	၂၀၀၀	၁၁	၅	မြင့်□လတ်✓ နိမ့်□	မြင့်□လတ်✓ နိမ့်□	မြင့်□လတ်✓ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဓိကသီးနှံများမှာ မြေပဲ၊ ကြက်သွန်၊ ခရမ်း စသည်တို့စိုက်ပျိုးကြပြီး နည်းပညာဗဟုသုတနည်းပါးခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်း နည်းပါးပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၇			၁၅၀
လက်တွန်းထွန်စက်				
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၁၇၅			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တစ်ဦးချင်းပိုင် ထွန်စက်(၇)စီးရှိ၍ ၎င်းထွန်စက်များကိုသာ ငှားရမ်းသုံးစွဲရပါသည်။ ကြက်သွန်အဓိကအားထားစိုက်ပျိုးသောကြောင့် ရေစုပ်စက်များလည်း ရှိပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ□ အသင့်အတင့်ရှိ✓ မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□ ရသည်✓ မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်✓မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ ဝယ်ယူရနိုင်သည်✓ မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□ ရနိုင်သည်✓ မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ေဆာင်မှုများ	အလွယ်တကူရနိုင်သည်□ ရနိုင်သည်✓ မဖြေဆိုပါ□
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် □ သီးနှံများကိုရောင်းချနိုင်သည်✓ မဖြေဆိုပါ□
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	အပူချိန်များသည်

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝမြေဆီရာသီဥတုမှာ အပူပိုင်းမိုးနည်းရပ်ဝန်းဖြစ်သောကြောင့် စိုက်ပျိုးရေးအတွက် အခက်ကြုံရပါသည်။ ငွေကြေးတတ်နိုင်သော တောင်သူအနည်းစုသာ ရေတွင်းတူးဖော်ကြပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း□ ရာသီဥတုမမှန်✓ မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ✓လယ်ယာမြေဆုံးရှုံးမှုများသည်□ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□ ပလပ်မြေများရှိသည်□ ပလပ်မြေအသင့်အတင့်ရှိသည်□ မဖြေဆိုပါ□
စိုက်ပျိုးရေးအရင်းအမြစ်	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်✓ လုံးဝမရ□ မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
သီးနှံစေ့းကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ✓ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ□မဖြေဆိုပါ□
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ□အသင့်အတင့်ကျ✓အနည်းငယ်□မဖြေဆိုပါ□
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု	အလွယ်တကူမရနိုင်✓လုံးဝမရ□မဖြေဆိုပါ□

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ တောင်သူများအနေဖြင့် သီးနှံထုတ်လုပ်မှုအတွက် ဆေးဝါးများ စျေးမြင့်ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ စျေးကွက်မတည်ငြိမ်ခြင်းကြောင့် အခက်အခဲနှင့် ကြုံတွေ့ရပါသည်။

(၁-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၂၂	၂၄၃
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်	၄	၁၉၄
သိုး	၁	၄၀
ဝက်	၁	၁
ကြက်	၅၉	၄၁၅
ဘဲ	၂	၁၇
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
